Inya
Economics

August 2021

# အာဏာသိမ်းပြီးကာလ မြန်မာနိုင်ငံရှိ အသေးစား၊ အလတ်စား စီးပွားရေး လုပ်ငန်းများ၏ စိန်ခေါ်မှုနှင့် အခွင့်အလမ်းများ

ရေးသားသူများ - နုနုဝေ၊ အီဗာဘယ်လ်၊ ခင်ဆုဝေ၊ ကိုးကိုး



Photo - The Myanmar Times

# ဆောင်းပါးရည်ရွယ်ချက်နှင့် အသုံးပြုခဲ့သည့်သုတေသနည်းနာ

**ဖေဖော်ဝါရီလ၁ရက်နေ့မှစ၍ စစ်ကောင်စီမှအာဏာသိမ်းပြီးနောက် ငါးလအကြာတွင် မြန်မာနိုင်ငံစီးပွားရေးအပေါ်ပြင်းထန်စွာ ထိုးနှက်မှုဖြစ်ပေါ်စေခဲ့သည်မှာ ပြောစရာမလိုအောင်ပင် သိသာမြင်သာမှုရှိလှသည်။ ထို့အတူ မြန်မာနိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးသောကဏ္ဍတစ်ခုလည်းဖြစ်သည့် အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ အနေနှင့် ၎င်းရိုက်ခတ်မှုဒဏ်ကို ခံရမည်မှာ မလွဲချေ။** သို့သော် ပြည်ပလုပ်ငန်းအချို့ထွက်ခွာသွားခြင်း၊ ပြည်သူများက တရုတ်ပစ္စည်းများ၊ထုတ်ကုန်များကို သပိတ်မှောက်ခြင်းများ(Boycott)၊ ပြည်တွင်းဖြစ်ကို အားပေးရန် ပြုလုပ်လာခြင်းတို့သည် အချို့ပြည်တွင်းလုပ်ငန်းများအတွက် အခွင့်အလမ်းများ ဖြစ်လာနိုင်မည်လား ဟူ၍စဉ်းစားစရာဖြစ်လာခဲ့သည်။ ထို့ကြောင့် အာဏာသိမ်းပြီးနောက် မြန်မာနိုင်ငံရှိ အသေးစား၊ အလတ်စားလုပ်ငန်းများအပေါ် မည်သို့ သက်ရောက်မှုရှိသည်ကို Online Google Forms Survey ကိုအသုံးပြု၍ မေးမြန်းခြင်းများပြုလုပ်ခဲ့သည်။ စစ်တမ်းကောက်ရာတွင်လည်း Non Probability Samplingမှ Convenience sampling နည်းကိုအသုံးပြုထားပြီး မြန်မာနိုင်ငံရှိ အသေးစား၊ အလတ်စားလုပ်ငန်းများက ပါဝင်ဖြေဆိုထားသည်။ စစ်တမ်းတွင်ပါဝင်ဖြေဆိုနိုင်သည့် SMEs လုပ်ငန်း (၉)ခုကို မေးမြန်းခဲ့သည်။ ထို့အပြင် ဆောင်းပါး၊ သတင်း၊ ဂျာနယ်များကိုလည်း ဖြည့်ဆည်းလေ့လာကာ ထိုမှတွေ့ရှိချက်များကို အခြေခံ၍တင်ပြထားပါသည်။








Photo- Nikkei Asia News

# အာဏာသိမ်းပြီးနောက် အသေးစား၊ အလတ်စားလုပ်ငန်းများ၏ အခွင့်အလမ်းများ ဖြစ်ပေါ်လာမှု အခြေအနေ

**နိဒါန်းတွင် အစပျိုးခဲ့သည့်အတိုင်း နိုင်ငံခြားကုမ္ပဏီများ ထွက်ခွာသွားခြင်း၊ ပြည်တွင်းဖြစ်ကို အားပေးရန်နှင့် တရုတ်ကုန်ပစ္စည်းများ မသုံးစွဲရန် ကမ်ပိန်းများရှိလာသောကြောင့် ပြည်တွင်းလုပ်ငန်းအချို့အတွက် အခွင့်အလမ်းများ ဖြစ်လာနိုင်ဖွယ်ရှိသော်လည်း အာဏာသိမ်းပြီးနောက် မြန်မာနိုင်ငံအတွင်းရှိ အသေးစား၊ အလတ်စားလုပ်ငန်းများအနေဖြင့် အခွင့်အလမ်းထက် စိန်ခေါ်မှုများကိုသာ ပိုမိုရင်ဆိုင်နေရကြောင်း တွေ့ရသည်။ စစ်တမ်း၏ လေ့လာတွေ့ရှိချက်များအရ စစ်အာဏာသိမ်းမှုကြောင့် ဖြစ်ပေါ်လာသည့် အခွင့်အလမ်းဆိုသည်မှာ မရှိသလောက်နည်းပါးသည်ကို တွေ့ရသည်။**
ကိုဗစ်နှင့် နိုင်ငံရေးမတည်ငြိမ်မှုများရှိသော်လည်း လက်ရှိအရောင်းအဝယ်ကောင်းသည့်လုပ်ငန်းများသည် ကိုဗစ်ရောဂါကာကွယ်ဆေးဆိုင်ရာ အစားအသောက်များ၊ ဆေးဝါးနှင့်ဆေးဝါးပစ္စည်းများ (ဥပမာ- ကြက်ဥ၊ ကိုဗစ်အတွက် ထုတ်လုပ်သော စားသောက်ကုန်) နှင့် လူတို့အတွက်မရှိမဖြစ်လိုအပ်သော စားသောက်ကုန်များနှင့် လူသုံးကုန်များသာ ဖြစ်သည်။ တချို့သော လူသုံးကုန်များ၊ အစားအသောက်ထုတ်ကုန် အရောင်းအဝယ်များသည် အနည်းဆုံး ထက်ဝက်ကျဆင်းသွားခဲ့သည်ကို တွေ့ရပါသည်။

**ပုံ (၁) - အာဏာသိမ်းပြီးနောက် ၎င်းလုပ်ငန်းများ၏ အခွင့်အလမ်းနှင့် စိန်ခေါ်မှု**




အသေးစား၊ အလတ်စား လုပ်ငန်းများအနေဖြင့် အာဏာသိမ်းပြီးနောက်ပိုင်း အခက်အခဲ၊ စိန်ခေါ်မှုများကို ရင်ဆိုင်နေရသော လုပ်ငန်းများမှာ ၆၆.၇ရာခိုင်နှုန်းရှိပြီး အခွင့်အလမ်းနှင့် စိန်ခေါ်မှု နှစ်မျိုးလုံး ရင်ဆိုင်နေရသော လုပ်ငန်းမှာ ၃၃.၃ရာခိုင်နှုန်းရှိကြောင်း လေ့လာတွေ့ရှိရသည်။

ဝန်ဆောင်မှုလုပ်ငန်းရှင်တစ်ဦးကတော့ “အခွင့်အလမ်းများအနေနဲ့ဆိုရင် အရင်ကလောက် ဝန်ဆောင်မှုရယူသူ*(customer)* မများတော့သည့်အတွက် *customer service* ပိုင်းကို ပိုမိုဂရုစိုက်လာနိုင်ခြင်း၊ ထို့ကြောင့် သူတို့၏ လိုအပ်ချက်များကို ပိုမိုသိရှိလာပြီး ထုတ်ကုန်အသစ်များ စဉ်းစားထုတ်လုပ်လာနိုင်ခြင်း၊ ထိုသို့ ထုတ်လုပ်နိုင်ခြင်းသည် နောင်အချိန်တွင် အခွင့်အလမ်းဖြစ်လာနိုင်သည်” ဟု ပြောပြထားသည်။ သို့သော်လည်း ၎င်းမှာ သုံးပုံတစ်ပုံခန့်ရှိသော နိုင်ငံခြားသား ဝန်ဆောင်မှုရယူသူ(foreign customers)များ ဆုံးရှုံးလိုက်ရခြင်း၊ လုပ်ငန်းချဲ့ထွင်မည့်ကိစ္စများ ရပ်နားထားရခြင်းတို့နှင့်အတူ ဆက်လက်ရပ်တည်နိုင်ရန်မှာ ကြီးမားသည့် စိန်ခေါ်မှုဖြစ်ကြောင်းကိုလည်း သိရှိရသည်။

လက်မှု (Handmade) လုပ်ငန်းရှင်တစ်ဦး၏ ပြောကြားချက်အရ "နိုင်ငံခြားလုပ်ငန်းတွေ ထွက်သွားတာက ပြည်တွင်းထုတ်ကုန်တွေ လုပ်ငန်းတွေအတွက် အခွင့်အရေးဖြစ်လာနိုင်တာမှန်ပါတယ်။ ဒါကြောင့် ပြည်တွင်းလုပ်ငန်းတွေအနေနဲ့ ကိုယ့်ထုတ်ကုန်ကိုအရည်အသွေးမှီထုတ်နိုင်ဖို့က အဓိကဖြစ်လာတယ်။ ပြည်တွင်းလက်မှုပစ္စည်းတွေနဲ့လက်မှုအထည်တွေကိုစိတ်ဝင်စားလာကြပြီး ဝယ်ယူလာကြတယ်။ အထူးသဖြင့် လူငယ်တွေပေါ့။" ဟူ၍ လူငယ်အများစုက လက်မှုလုပ်ငန်းများအပေါ် စိတ်ဝင်စားလာကြောင်း သိရှိရသည်။ သို့သော် ကုန်ကြမ်းပြတ်လပ်ခြင်း၊ ငွေပေးချေမှုခက်ခဲခြင်းတို့ကို ကြုံတွေ့နေရဆဲဖြစ်သည်ကို သိရသည်။

နိုင်ငံရေး မတည်ငြိမ်မှုများနှင့်အတူ ကိုဗစ်တတိယလှိုင်းလည်း ထပ်မံဖြစ်ပေါ်လာခဲ့သည်။ ထိုအချိန်တွင် အလုပ်ဖြစ်သော လုပ်ငန်းများမှာ သန့်ရှင်းရေးဝန်ဆောင်မှုလုပ်ငန်းများ၊ ပို့ဆောင်ရေး ဝန်ဆောင်မှုများ (Delivery Service)၊ ကုန်ခြောက်လုပ်ငန်းများ၊ အစားအသောက်နှင့် ဆေးဆိုင်လုပ်ငန်းများ ဟုဆိုရမည်။ အာဏာသိမ်းပြီးနောက်တွင် သန့်ရှင်းရေးဝန်ဆောင်မှုလုပ်ငန်းများ၏ အခြေအနေမှာမကောင်းခဲ့သော်လည်း ကိုဗစ်တတိယလှိုင်းဖြစ်ပွားသည်နောက် တိုးတက်လာခဲ့သည်ဟု ပြောနိုင်သည်။ ကိုဗစ်ရောဂါကြောင့် ရုံးခန်းများ၊ အိမ်ခန်းများနှင့် စားသောက်ဆိုင်များတွင် သန့်ရှင်းရေးကို အလေးပေးလာကြသည်။ ရပ်ကွက်များအနှံ့ နေရာတိုင်းနီးပါး ပိုးသတ်ဆေးဖြန်းခြင်းများသည် မဖြစ်မနေလိုအပ်လာခဲ့သည်အတွက် သန့်ရှင်းရေးဝန်ဆောင်မှုများ၏ ကဏ္ဍမှာအရေးပါလာခဲ့သည်။ အာဏာသိမ်းပြီးနောက် စစ်တပ်၏လုံခြုံရေးတင်းကျပ်မှုနှင့် အစစ်အဆေးများ၊ နေရာကွက်ကြားသပိတ်များကြောင့် ဆိုင်များအားလုံးပိတ်သိမ်းကာ ပြည်သူများအနေဖြင့် သွားလာရေးခက်ခဲမှုဖြစ်ပေါ်စေခဲ့သည်။ ထို့ကြောင့် အွန်လိုင်းမှ အစားအသောက်နှင့် ပစ္စည်းဝယ်ယူမှုများ (Foodpanda, Grab Food နှင့် အခြားအွန်လိုင်းဝန်ဆောင်မှုများ) တစ်ဖန် မြင့်တက်လာခဲ့သည်။ ကိုဗစ်ထပ်မံဖြစ်ခြင်းက ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းများကို သိသိသာသာတိုးတက်လာစေခဲ့သည်။

ရောဂါအပေါ် ပြည်သူများ၏စိုးရိမ်မှုမှာ မြင့်တက်လာခဲ့ပြီးနောက် စူပါမားကတ်နှင့် ကုန်စုံဆိုင်များတွင် ဈေးဝယ်မှုများမြင့်တက်လာပြီး ကုန်ပစ္စည်းများ ပြတ်လပ်သည်အထိဖြစ်ပေါ်ခဲ့သည်။ အစားအစာ ပြတ်လပ်လာမည်ကို စိုးရိမ်၍ ဝယ်ယူမှုများကြောင့် ကုန်စုံဆိုင်များတွင် ကုန်ခြောက်များ၊ အသင့်စားကုန် များ ဝယ်ယူ၍မရတော့သည့်အခြေအနေအထိ ရောက်ရှိခဲ့သည်။ ကိုဗစ်ရောဂါကာကွယ်ဆေးဆိုင်ရာ အစားအသောက်များ (ကြက်ဥ၊ ကြက်ပေါင်း၊ ပင်စိမ်းရွက်၊ ဂွေးတောက်ရွက်) အစရှိသဖြင့် စားသောက်ကုန်များ ဈေးအဆမတန်တက်သည်အထိ ဖြစ်ခဲ့သည်။ ဆေးဆိုင်များတွင်လည်း အားဖြည့် ဆေးဝါးများ၊ ဆေးဘက်ဆိုင်ရာပစ္စည်းများနှင့် အဖျားကျဆေးများ ဝယ်ယူမှု အဆမတန်မြင့်တက်လာခဲ့ သည်။ ထို့ကြောင့်ပင် ဆေးဝါးများပြတ်လပ်ကာ ဈေးနှုန်းများမှာလည်း အဆမတန်မြင့်တက်လာခဲ့ပေ သည်။ အချို့ဆေးဆိုင်များတွင် ဝန်ထမ်းမလောက်မှုများနှင့်အတူ ဆေးဆိုင်များ ပိတ်သိမ်းရသည်အထိ အရောင်းအဝယ်ကောင်းခဲ့သည်ဟုလည်း သိရသည်။ ကိုဗစ်ကြောင့် ရေတိုမျှသာ အခွင့်အလမ်းဖြစ်လာခဲ့ ပြီး စစ်အာဏာသိမ်းမှု၏ရိုက်ခတ်မှုကြောင့် စိန်ခေါ်မှုများမှာ ရှိနေစမြဲပင်ဖြစ်သည်။

## အာဏာသိမ်းပြီးနောက် အသေးစား၊အလတ်စားလုပ်ငန်းများ၏ ယေဘုယျ အခက်အခဲနှင့်စိန်ခေါ်မှုများ

အာဏာသိမ်းပြီးနောက် မြန်မာနိုင်ငံရှိ ပြည်တွင်းအသေးစား၊ အလတ်စားလုပ်ငန်းများအနေဖြင့် သယ်ယူပို့ဆောင်ရေး အခက်အခဲနှင့် ငွေသားလည်ပတ်မှု အခက်အခဲကို အများဆုံးကြုံတွေ့နေကြရ သည်။ ပြည်ပကုန်ကြမ်းပစ္စည်းမရရှိခြင်း၊ အရည်အသွေးမှီ ကုန်ထုတ်လုပ်ရာတွင် အားနည်းခြင်း စ သည့် စိန်ခေါ်မှုများကိုလည်း ကြုံနေကြရသည်။

ပြည်တွင်းသယ်ယူပို့ဆောင်ရေးခက်ခဲရခြင်းမှာ ညမထွက်ရအမိန့်နှင့် လမ်းတွင် အစစ်အဆေးများ ခြင်းနှင့် အချို့ ယာဉ်မောင်းဝန်ထမ်းများ CDM လုပ်ခြင်းတို့ကြောင့် ဖြစ်သည်။ ထို့ကြောင့် ပြည်တွင်း သွားလာရေးခက်ခဲခြင်းနှင့် သယ်ယူပို့ဆောင်ရေးပိုင်းတွင် အချိန်ကြန့်ကြာခြင်း၊ ပစ္စည်းပျောက်ရှခြင်း တို့ ကြုံတွေ့ရကြောင်း သိရသည်။ နယ်စပ်ကုန်သွယ်မှုမှာလည်း ကုန်သွယ်ရေးဂိတ်များ ပိတ်ခြင်း၊ တင်းကြပ်ခြင်းတို့နှင့်အတူ တချို့သော ကွန်တိန်နာယာဉ်မောင်းများ CDM လုပ်သောကြောင့် အလုပ်မ ဆင်းသဖြင့် ကုန်သွယ်မှုရပ်နားခြင်းများရှိလာသည်။ တချို့ကုန်သည်များမှာ အခွန်ပေးဆောင်ရခြင်း နှင့် အခြားသော စာရွက်စာတမ်းကိစ္စများတွင် ကြားခံအဖြစ် ဆောင်ရွက်သော ကိုယ်စားလှယ်လုပ်ငန်း များ ရပ်နားထားသဖြင့် တိုက်ရိုက်လုပ်ဆောင်နေရသောကြောင့် အချိန်ကြန့်ကြာခြင်းနှင့်အတူ ကုန်ကျစရိတ် မြင့်တက်လာကြောင်းသိရသည်။

ထို့သို့ နယ်စပ်ကုန်သွယ်ရေးအခက်အခဲများကြောင့် ပြည်ပကုန်ကြမ်းဈေးများလည်း မြင့်တက်လာခြင်း၊ ပစ္စည်းပြတ်ခြင်းများ ကြုံနေရကြောင်း သိရသည်။ နိုင်ငံတကာမှ ပိတ်ဆို့ခြင်းများကြောင့် ပြည်တွင်းမှ တင်ပို့ခွင့် မရတော့သည့် လုပ်ငန်းများလည်း ရှိသည်။

ဘဏ်ဝန်ထမ်းအချို့ CDM လုပ်ခြင်းကြောင့် ဘဏ်လုပ်ငန်းများလည်ပတ်ရန် ခက်ခဲခြင်း၊ ဒေါ်လာဈေး အဆမတန်တက်ခြင်းနှင့် မြန်မာငွေဈေးကျဆင်းခြင်းတို့ကြောင့် ငွေကြေးဖောင်းပွမှုများ ဖြစ်ပေါ်လာခြင်းတို့နှင့်အတူ ဘဏ်စနစ်မတည်ငြိမ်ခြင်းများ ဖြစ်ပေါ်လာခဲ့သည်။ အဆိုပါ အကျိုးဆက်အနေဖြင့် ငွေသားထုတ်ရခက်ခဲခြင်း၊ ငွေပေးချေမှု ခက်ခဲခြင်းများ ရှိကြသည်။

လက်မှုလုပ်ငန်းရှင်တစ်ဦးကတော့ "ကမ်ပိန်းတချို့ကြောင့် *local* ဘက်ရောက်လာတာတွေ့ရပါတယ်။ ထုတ်ကုန်တူတာတွေ များလာတဲ့အခါ ပိုလှပြီး၊ အရည်အသွေးပိုကောင်းပြီ လူကြိုက်များတဲ့ဆီမှာပဲ အဝယ်များတယ်" ဟူ၍ ပြောပြထားသည်။ အရည်အသွေးပိုင်းအားနည်းခြင်းမှာ စိန်ခေါ်မှုဖြစ်ကြောင်း သိရသည်။ ထို့ပြင် ကုန်ကြမ်းဈေးတက်ခြင်း၊ အရင်လို ငွေပေးချေရမလွယ်ခြင်း၊ ပြည်တွင်းထုတ်ကုန်ဆိုရင် ဈေးနှိမ်ခြင်း၊ လက်မှုအလုပ်ဖြစ်သည့်အတွက် အချိန်ပေးရခြင်း၊ ထို့ကြောင့် ဝယ်ယူသူက မစောင့်နိုင်ခြင်း၊ ပြုလုပ်ပြီးမှ မယူတော့သည့်အတွက်ကြောင့် ဆုံးရှုံးမှုများရှိကြောင်းလည်း တွေ့ရသည်။ ပြည်တွင်းဖြစ်ကိုအားပေးရန်၊ တရုတ်ထုတ်ကုန်များဆန့်ကျင်ရန်ဟူသော ကမ်ပိန်းများဖြစ်သော်လာသော်လည်း စိန်ခေါ်မှုအခက်အခဲနှင့် နိုင်ငံ့စီးပွားရေးကျဆင်းမှုများကြောင့် နာမည်ရပြည်တွင်းထုတ်ကုန်များသာ ဈေးဝယ်သူများ၏ စိတ်ဝင်စားမှုကိုရရှိနိုင်သည်။


ပြည်သူများသည် အလုပ်အကိုင်ဆုံးရှုံးခြင်း၊ ဝင်ငွေနည်းပါးလာခြင်း၊ ငွေသားလက်ဝယ်ရှိမှုနည်းပါးလာခြင်းများကြောင့် ၎င်းတို့၏ သုံးစွဲမှုကို လျှော့ချလာကြသည်။ ထို့ကြောင့် ဝယ်လိုအားလျော့နည်းလာခြင်း၊ ဈေးကွက်နည်းလာခြင်းသည်လည်း SMEs လုပ်ငန်းများအတွက် အရေးပါသော စိန်ခေါ်မှုဖြစ်သည်။




**Photo - Bangkok post News**


***Photo - Frontier Myanmar News***

ပုံ (၂) - အာဏာသိမ်းပြီးနောက်ရင်ဆိုင်လာရသည့် အခက်အခဲများ




ပုံ (၃) - လုပ်ငန်းအမျိုးအစားအလိုက် အခက်အခဲများကို ရင်ဆိုင်နေရမှုအခြေအနေ



## ပြင်ပသက်ရောက်မှုများ

အာဏာမသိမ်းမီက လုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ခဲ့သောလည်း အာဏာသိမ်းပြီးနောက်တွင်မူ ပုံမှန်လည်ပတ်နိုင်ခြင်းမရှိသည်ကိုတွေ့ရသည်။ အချို့မှာသက်တမ်းရှည်ဝန်ထမ်းများကို ထိန်းသိမ်းထားရုံနှင့် ရေရှည်တွင်ဆက်လက်ရပ်တည်နိုင်ရန်သာ ရုန်းကန်နေရကြသည်။ နယ်စပ်ဂိတ်များတင်းကျပ်၍ ကုန်ပစ္စည်းအဝင်နောက်ကျခြင်း၊ အွန်လိုင်းငွေချေစနစ်(ONLINE BANKING) မရတော့ခြင်း၊ ဈေးကွက်နည်းပါးလာခြင်းတို့ကြောင့် အချို့သော ပြည်တွင်းထုတ်ကုန်လုပ်ငန်းများ ရပ်တန့်သွားသည်။ လုပ်ငန်းပိုမိုတိုးချဲ့ရန် ရင်းနှီးမြှုပ်နှံမှု(INVESTMENT)များ ပြုလုပ်ထားသော်လည်း အာဏာသိမ်းမှုကြောင့်ရပ်ဆိုင်းထားရသည့်အတွက် နစ်နာမှုများလည်းရှိကြသည်။ ဝန်ဆောင်မှု လုပ်ငန်းတစ်ခု၏ ဈေးဝယ်သူ သုံးပုံတစ်ပုံသည် နိုင်ငံခြားသားများဖြစ်သည့်အတွက် အာဏာသိမ်းမှုကြောင့် ပြည်တွင်းရှိနိုင်ငံခြားသားများထွက်ခွာသွားခြင်းနှင့်အတူ လုပ်ငန်းဆုံးရှုံးမှုများ ဖြစ်ပေါ်လာသည့်လုပ်ငန်းလည်းရှိသည်။

ပြည်တွင်းထုတ်ကုန်လုပ်ငန်းတွင် ပြည်ပကုန်ကြမ်းကို အသုံးပြုတင်သွင်း ရောင်းချရသည့်လုပ်ငန်းများသည်လည်း ကုန်ကြမ်းဈေး အဆမတန် တက်ခြင်း၊ တင်သွင်းမှုအခက်အခဲရင်ဆိုင်ရသဖြင့် မကြာခဏလုပ်ငန်းရပ်တန့်ရမှုများရှိနေသည်။ ယခင်အရောင်းအဝယ်ကောင်းခဲ့သည့် ပြည်တွင်းအလှထုတ်ကုန်လုပ်ငန်းများသည် ယခင်ရောင်းချရမှု၏ ၂၀ ရာခိုင်နှုန်းသာ ယခုအချိန်တွင် ရောင်းချနိုင်သည့် အခြေအနေရှိကြောင်းတွေ့ရသည်။ ဝယ်ယူသုံးစွဲသူများ အနေဖြင့်လဲ အလုပ်ဆုံးရှုံးခြင်း၊ (CIVIL DISOBEDIENCE MOVEMENT -CDM)စီဒီအမ်ဝန်ထမ်းများဖြစ်ခြင်းကြောင့် ရှောင်တိမ်းရခြင်း၊ ကျောင်းများဖွင့်လှစ်နိုင်ခြင်း မရှိသည့်အခြေအနေတို့နှင့်အတူ သူတို့၏သုံးစွဲမှုများကို လျှော့ချလာခြင်းများကြောင့်ဖြစ်ကြောင်း သိရှိရသည်။

အထူးသဖြင့် လက်ရှိလုပ်ငန်းတိုးချဲ့မှုပြုလုပ်ရန် ရည်ရွယ်ထားသည့် လုပ်ငန်းများ ဆက်လက်မဆောင်ရွက်နိုင်တော့ဘဲ ရှိပြီးသားလုပ်ငန်း တည်မြဲရေးသာ ဆောင်ရွက်နေရသည်ဟုဆိုသည်။ ဝယ်လိုအား ကျဆင်းလာခြင်းကြောင့် မရှိမဖြစ်ထုတ်ကုန်များ၊ ဥပမာ - စားသောက်ကုန်၊ ဆေး ဝါးထုတ်ကုန်များမှလွဲ၍ အခြားပြည်တွင်းလုပ်ငန်းများသည် ဆက်လက်ရပ်တည်ရေးကို နည်းမျိုးစုံဖြင့်ဆောင်ရွက်နေရသည်ဟု ပြောဆိုသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံ အနေဖြင့် ၁၉၉၀ခုနှစ်မှစ၍ အသေးစားအလတ်စား စီးပွားရေး လုပ်ငန်းများအဖြစ် SME လုပ်ငန်းများဟု သတ်မှတ်ခေါ်တွင်ခဲ့ပြီး အဆိုပါ လုပ်ငန်းများ အားကောင်းမောင်းသန်မောင်နှင်နိုင်ရေးအတွက် အစိုးရအဆက်ဆက်တိုင်း အားထုတ်မှုများ ရှိခဲ့သည်။ အသေးစားအလတ်စား လုပ်ငန်းများ ရေရှည်တည်တံ့နိုင်ရေးအတွက် ဥပဒေများ၊ ချေးငွေမူဝါဒများ၊ ဖွံ့ဖြိုးရေး ပေါ်လစီများ မူဝါဒများ ရှိသော်လည်း ဤကဏ္ဍအတွက် ကြုံတွေ့နေရသော စိန်ခေါ်မှုများထဲတွင် လူစွမ်းအားအရင်းအမြစ်စိန်ခေါ်မှုများ၊ ဘဏ္ဍာရေးဆိုင်ရာ အစဉ်အဆက် စိန်ခေါ်မှုများရှိနေဆဲ ဖြစ်သည်။ ယခင်အစဉ်အဆက်ရှိနေသည့် စိန်ခေါ်မှုများအား လုပ်ငန်းရှင်များ ထပ်မံ ထည့်သွင်း ဖြေဆိုခြင်းမပြုပဲ လတ်တလော ရင်ဆိုင်ကြုံတွေ့နေသည့် စိန်ခေါ်မှုများဖြစ်သည့် သယ်ယူပို့ဆောင်ရေး အခက်အခဲ၊ ငွေသားလည်ပတ်မှု အခက်အခဲတို့ကိုသာ ဖြေဆိုခဲ့ခြင်းကို ထောက်ရှုပါက ၎င်းတို့လုပ်ငန်းများ ဆက်လက်ရပ်တည်နိုင်ရေးကိုသာ အာရုံစိုက်နေကြောင်း သုံးသပ်နိုင်သည်။ ပြည်တွင်း မီဒီယာများ ဖော်ပြချက်အရ ရင်းနှီးမြှုပ်နှံမှု တန်ဖိုးဘီလျံ ဝန်းကျင်ရှိသည့် နိုင်ငံရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၁ ခု ထက်မနည်း မြန်မာနိုင်ငံမှထွက်ခွာသွားရာ ယင်းတို့၏ သက်ရောက်မှုများသည် ပြည်တွင်း အသေးစား အလတ်စား လုပ်ငန်းများအပေါ် မည်သည့် အတိုင်းအတာထိ ရှိနိုင်မည်ကိုမူ ဆက်လက်ဆန်းစစ်ချက်ထုတ်စရာ ကျန်ရှိနေသည်။




Photo crd- ASEAN Briefing